mgyoe.com

# မောင်သော်က


မြန်မာပြန်

# သံန္နိဋ္ဌာန်ကျွန်းပေါ်မှ မောင်ညို

## BROWN ON RESOLUTION

C.S. Forester





mgyoe.com

# မောင်သော်က

မြန်မာပြန်

# သံနှိုင်ဂ္ဗာန်ကျွန်းပေါ်မှ မောင်ညို

**BROWN ON RESOLUTION**

C.S. Forester

NF0109

1,500.00KS

mgyoe.com

သန္တာန်ကျွန်းပေါ်မှ မောင်ညို၊ မောင်သော်က
စာမျက်နှာ ၉၉ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



## ဘာသာပြန်သူ၏ အမှာ

ယခု ပြန်ဆိုရေးသားအပ်သော ဝတ္ထုမှာ စာရေးဆရာကြီး C.S. Forester ရေးသားသော 'Brown on Resolution' ဝတ္ထုဖြစ်၍ 'Single Handed' ဟူ၍ လည်းကောင်း၊ 'Sailor of the King' ဟူ၍ လည်းကောင်း ရုပ်ရှင်ရိုက်ကူးကာ ရန်ကုန်မြို့တွင် ပြသသွားခဲ့ဖူးပါသည်။

ဤဝတ္ထုကို ပြန်ဆိုရာ၌ စာရေးသူ၏ ရည်ရွယ်ချက်မှာ မည်သို့သော ညွှန်ကြားမှုမျိုးကိုမျှ မရရှိနိုင်သော အချိန်အခါတွင် မိမိကိုယ်ပိုင် အသိဉာဏ်ဖြင့် ပိုင်းခြားဆုံးဖြတ်၍ တာဝန်ဟု ယူဆသော လုပ်ငန်းများကို ဆောင်ရွက်လျက် တိုင်းပြည်အတွက် အသက်ပေးသွားကြသော တပ်သုံးရပ်လုံးရှိ တပ်မတော်သားရဲဘော်အများကို လေးစားစွာ မှတ်တမ်းတင်လိုခြင်းပင် ဖြစ်ပါ၏ ။

စာရှုသူအများအား လေးနက်စွာ တောင်းပန်လိုပါသေးသည်။ ကျွန်တော်သည် မြန်မာလူငယ်များ စွန့်စားသွားလာလိုမှု စိတ်ဓာတ်ကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် 'မောင်သော်က' ဟူ

mgyoe.com

mgyoe.com



သော ကလောင်အမည်ဖြင့် ဝတ္ထုဆောင်းပါးများ ရေးသားနေခဲ့ပါသည်။ မမျှော်လင့်သော အကြောင်းခြင်းရာ တစ်ရပ်ကြောင့် တိုက်ရေယာဉ် ၁၀၃ နှင့် ဆက်စပ်ကာ ကျွန်တော့် ကလောင်အမည်နှင့် လူပုဂ္ဂိုလ်ကို စာဖတ်ပရိသတ်များက ပူးတွဲသိရှိခွင့်ရခဲ့ကြပါသည်။

'မောင်သော်က' အနေဖြင့် ရေးလေ့ရှိသော ဟာသဝတ္ထုများမှာ ကျွန်တော်၏ ဟာသဆန်သောညာဉ် Sense of Humour ကြောင့် ပေါက်ဖွားခဲ့ရခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ စာရေးဆရာ မောင်သော်ကနှင့် ကျွန်တော်၏ စစ်မှုထမ်းဘဝဖြစ်သော ဗိုလ်ဘသော် (ရေတပ်) တို့ကို စာရှုသူများက ခွဲခြားသိမြင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါ၏။

သို့ကြောင့် မောင်သော်ကအနေနှင့် ရေးသားခဲ့သော အကောင်းအဆိုး ဟူသမျှမှာ ဗိုလ်ဘသော်အနေနှင့် ထမ်းဆောင်ခဲ့သော အဆိုးအကောင်းဟူသမျှနှင့် မည်သို့မျှ ဆက်စပ်ပတ်သက်ခြင်း မရှိနိုင်ပါကြောင်း။

မောင်သော်က

❒

mgyoe.com



M 60

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

(၁)

ရဲဘော် မောင်ညိုသည် သန္တိဌာန်ကျွန်းပေါ်၌ ကျဆုံးလေတော့သတည်း။

ရဲဘော်မောင်ညိုသည် ပြင်းထန်သော ဒဏ်ရာများဖြင့် ကျွန်း၏ တစ်နေရာ ကျောက်တုံးများကြားတွင် ကောင်းကင်သို့ မျက်နှာမူကာ လဲကျနေခြင်း ဖြစ်သည်။ သူ၏ ကျောပြင်မှာ မညီမညွတ်ဖြင့် မာကျော ကြမ်းတမ်းလှသော ကျွန်း၏ မြေမျက်နှာဖြင့် ထိတွေ့နေရသောကြောင့် မလှုပ်လွန့်ရဲအောင် ရှိနေရှာသည်။ သူ၏ ဒူးတစ်ဖက်မှာ ကွေးထောင်နေလျက် တစ်ခါတစ်ရံတွင် သူသည် ရှိသမျှ အားများကို ဖျစ်ညှစ်ကာ မျက်နှာကို ရှုံ့မဲ့လျက် အံခဲကာ ထရန် ကြိုးစားသေးသည်။ သို့သော် ဆုတ်ယုတ်ကုန်ခန်းနေပြီဖြစ်သော အားများက သူ၏ ကိုယ်ခန္ဓာကို အထောက်အကူ မပြုသောအခါ ပြန်လည်လဲကျသွားရှာသည်။ ထိုအခါမျိုးတွင် သူ၏ ခြောက်သွေ့နေသော လည်ချောင်း၊ ပူလောင်နေသော ရင်အုံနှင့် ကွဲအက်နေသော နှုတ်ခမ်းများမှ မပီမသ ညည်းညူသံများ မချိတင်ကဲ ထွက်လာတတ်ပေသေးသည်။

တစ်ခါက ဖြူစင်ခဲ့ဟန်တူသော အဝတ်အစားများမှာ အဝတ်ဟု မခေါ်ထိုက်အောင်ပင် စုတ်ပြတ်နေတော့၏။ စီးနင်းထားသော သားရေဖိနပ်မှာလည်း သားရေများ အစိတ်စိတ်အမြွှာမြွှာ ထွက်နေသည်။ စုတ်

mgyoe.com

mgyoe.com


ထွက်သွားသော သားရေဖျားနေရာမှ ထွက်ပေါ်နေသည့် ခြေဖဝါး ခြေချောင်းများမှာ ဓားနှင့် မွှန်းထားသကဲ့သို့ပင် ဒဏ်ရာများအတိ ပြီးနေသည်။ ဒဏ်ရာအချို့မှာ သပြေသီးမှည့်ကဲ့သို့ ညိုမည်းနေကာ အချို့မှာ မန်းများဖြင့် ရောင်ကိုင်းနေတော့သည်။ တစ်ကိုယ်လုံးတွင် ဒဏ်ရာလွတ်သည့်နေရာ မရှိသလောက်ပင်။

ညာဘက်ရင်အုံတွင်ကား ထုတ်ချင်းပေါက်ထွက်သွားဟန် တူသော ဒဏ်ရာတစ်ခုသည် အရိုးများကိုပင် ကျိုးထွက်သွားစေခဲ့ကြောင်း တွေ့ရသည်။ ဒဏ်ရာမှ ညှီစို့စို့ သွေးနံ့များကြောင့် တောခြင်ရိုင်းကြီးများနှင့် မှက်ခြင်ရိုင်းကြီးများမှာ မည်းနေအောင် ဝိုင်းအုံနေကြသည်။ သူသည် ခြင်ရိုင်းများကို မောင်းရန်မျှပင် စွမ်းအားလည်း မရှိတော့။

သန္တိဌာန်ကျွန်းမှာ အကြင်နာကင်းမဲ့ဆုံးသော သမုဒ္ဒရာအလယ်မှ ကျွန်းတစ်ခု ဖြစ်သည်။ ဂါလာပါဂို ကျွန်းစုများအနက် တောင်ဘက်အကျဆုံးသော လူသူမနေသည့် ကျွန်းတစ်ခုဖြစ်ကာ တစ်ချိန်က မီးတောင် ဖြစ်ခဲ့လေသည်။ သို့ကြောင့်လည်း ကျွန်းမြေမျက်နှာပြင် တစ်ခုလုံးမှာ ဓားသွား၊ စဥ့်အိုးကွဲသွားကဲ့သို့ ချွန်ထက်မာကျောလှသော ချော်ခဲကျောက်ခဲအတိဖြင့်သာ ဖုံးလွှမ်းနေတော့သည်။ သစ်ပင်ဟူ၍လည်း အလွန်မာကျောသည့် မြေနေရာတွင် အသက်ရှင်နိုင်သော ကျားလျှာတန်းစောင်း ချုံစုများသာ ကျိုးတိုးကျဲတဲ တွေ့နိုင်သည်။ ချော်တုံး၊ စဥ့်တုံး၊ ကျောက်တုံးများ၏ အသွားထက်လှသော အစွယ်အတက်တို့မှာ မီးလောင်ဘနန်း ပူလောင်သော နေအရှိန်ကြောင့် တပြောင်ပြောင် တလက်လက်ဖြင့် မထိရဲ မကိုင်ရဲအောင် ရှိ၏။ ရဲဘော် မောင်ညို၏ ပြူးကြောင်ကြောင်ဖြင့် အဓိပ္ပာယ် ကင်းမဲ့လှသော မျက်လုံးများမှာ သူ့အပေါ်မှ စီးမိုးနေသော သန္တိဌာန်ကျွန်း၏ အမြင့်ဆုံးသော တောင်စွယ် တစ်နေရာသို့ ကြည့်နေဟန် တူသည်။

mgyoe.com

mgyoe.com


ကမ်းစပ်တွင်မူ သောင်ပြင်ထက်၌ ပင်လယ်ကဏန်းများသည် ရွေ့လျားသွားလာနေကြသည်။ တစ်ကောင့်တစ်ကောင် နင်းကျော် တိုက်ခိုက်နေကြသည်။ မိုးကုပ်စက်ဝိုင်း ခပ်ဝေးဝေး တစ်နေရာဆီ၌ သမုဒ္ဒရာ ရေစီးကြောင်း တစ်ခုကြောင့် မြူးတူးနေသော ငါးအုပ်ကို ထိုး သုတ်ပျံဝဲလျက်ရှိသော ပင်လယ်ငှက်များကို တွေ့နိုင်သည်။

ထိုမှအပ သက်ရှိသတ္တဝါ လူနှင့် အနီးစပ်ဆုံး တူသည့် အရာကား မောင်ညို တစ်ဦးပင် ရှိပါတော့သည်။ သန္တြာန်ကျွန်းနှင့် မျက်စိ အလှမ်း ဆုံးရာ လောကတစ်ခုလုံးတွင် လူသားတို့ကို ကိုယ်စားပြုသော ကိုယ်စား လှယ်ကား ရဲဘော်မောင်ညို၏ အသွင်သာ ကျန်တော့သည်။ သို့သော် ရဲဘော်မောင်ညိုကား အသက်ငွေ့ငွေ့မျှသာရှိတော့လျက် မကြာမီ အတွင်း တွင်ပင် ဇီဝိန်ချုပ်ငြိမ်းကာ ဇကန်မလွဲ ကျဆုံးရရှာပေတော့မည်။

နောင်နှစ်ပေါင်းများစွာ ကြာပြီး တစ်နေ့တွင် တစ်စုံတစ်ဦးသည် သန္တြာန်ကျွန်းပေါ်သို့ ပေါက်ရောက်ခဲ့ပါမူ လူ၏ အရိုးစုများကို တွေ့ရ ပေမည်။ ထိုသူ၏ သုတေသနပြုချက်များသည် မည်မျှပင် နီးစပ်မှန်ကန် သည် ဆိုရစေဦးတော့၊ ထိုအရိုးစုများနှင့် ကမ္ဘာ့ရာဇဝင် မည်ကဲ့သို့ ဆက် စပ်နေသည်ကို ထုတ်ဖော်ရာ၌ မှန်မည်၊ မမှန်မည်ကိုကား အတိအကျ သိနိုင်ခွင့်ရမည် မဟုတ်ပါချေ။

## (၂)

ဇာတ်လမ်း၏ အစမှာ နှစ်ပေါင်း ၂၀ ကျော်ဆီသို့ ပြန်သွားရမည် ဖြစ်၏။

ဗြိတိသျှ ဘုရင့်ရေတပ်မတော်မှ ဗိုလ်ကြီးဆားမားရက်စ်သည် ဂရင်းနစ်မြို့သို့ သွားရန်အတွက် မီးရထား တစ်စင်းပေါ်တွင် စီးနင်းလိုက် ပါလာသည်။ သူသည် ရှေ့လာမည့် ရက်များအတွင်း ဂရင်းနစ် ရေတပ်

mgyoe.com

mgyoe.com


စစ်ဦးစီး တက္ကသိုလ်တွင် သင်တန်းတက်ရမည့် ရက်များကို စိတ်မပါလှဘဲ တွေးတော လိုက်ပါလာမိသည်။ ထို့အပြင်လည်း သူ့မှာ ရာထူးတိုးတက်ရန်အတွက် ကိုယ်ရေးကိုယ်တာများကို တစ်ပုံကြီး တွေးတောရန် ရှိနေသည်။ ဗိုလ်ကြီးဆားမားရက်စ်မှာ များစွာ အသက်မကြီးလှ၊ ငယ်ရွယ်နုပျိုတုန်းပင် ရှိသေးသည်။ သူ၏ ဆွေစဉ်မျိုးဆက် တစ်လျှောက်လုံးမှာလည်း ဗြိတိသျှ ရေတပ်ရာဇဝင်တွင် ထွန်းပြောင်ခဲ့သော အဆက်အနွယ်များပင် ဖြစ်ခဲ့သည်။

သို့သော် သူ၏ အတွေးကို ပြတ်တောင်းပြတ်တောင်း ဖြစ်စေရန် နှောင့်ယှက်နေသော အာရုံတစ်ခုမှာ မျက်နှာချင်းဆိုင် ထိုင်ခုံမှ အမျိုးသမီးပင် ဖြစ်တော့သည်။ သူမမှာ လေးနက်တည်ကြည်ပုံရ၍ မယ်သီလရှင်မျက်လုံးကဲ့သို့ ငြိမ်သက်သော အကြည့်မျိုးနှင့် သူ့အား တစ်ခါတစ်ရံ စိုက်ကြည့်ပုံမှာ ဗိုလ်ကြီးအဖို့ စိတ်လှုပ်ရှားဖွယ်ရာပင် ဖြစ်တော့၏။

အမျိုးသမီးပျိုမှာ အင်္ဂလန်ပြည် တောမြို့ကလေး တစ်မြို့မှ ဘုရားတရား ရှိသေကိုင်းရှိုင်းသော ကုန်စုံဆိုင်ပိုင်ရှင် လူကြီးလူကောင်း တစ်ဦး၏ သမီးကြီး မစ္စအာဂါသာ ဘရောင်း ဖြစ်သည်။ အာဂါသာသည် ထူးခြားသော ထိုနေ့နံနက်တွင်မှ သူမ၏ ဘဝကံကြမ္မာကို ဖန်တီးမည့် မီးရထားပေါ်တွင် တစ်ယောက်တည်း လိုက်ပါမိလျက်သား ဖြစ်နေမိတော့သည်။ မီးရထားတွဲအတွင်း၌ အပူပိုင်းဒေသများမှ မကြာမီက ပြန်ရောက်လာဟန်တူလျက် နေလောင်နေသည့် အသားအရေတို့ကြောင့် အနည်းငယ် ရင့်ရော်သော်လည်း ငယ်ရွယ်သော ရေတပ်ဗိုလ် တစ်ဦးသာ အဖော်အဖြစ် တွေ့ရသည်။ ရေတပ်ဗိုလ်ကြီးအဆင့်ရှိသော ပခုံးတံဆိပ်ကို တပ်ထားသော်လည်း သူ၏ ရွှေရောင် ဆံပင်များမှာ ကလေးငယ် တစ်ဦးကဲ့သို့ နုနယ်လှပေသည်။

အာဂါသာသည် မစ္စတာဘရောင်း၏ သားသမီး သုံးဦးအနက်တွင် အကြီးဆုံး ဖြစ်သည်။ အငယ်နှစ်ဦးမှာ သားယောကျ်ားများဖြစ်

mgyoe.com

mgyoe.com


လျက် မစ္စတာဘာရောင်း၏ဇနီး သေဆုံးပြီးကတည်းကပင်လျှင် အာဂါ သာ တစ်ယောက်တည်းသော သူတို့ အိမ်ထောင်စု၏ အိမ်တွင်းတာဝန် များကို နိုင်နင်းစွာ ထမ်းရွက်ခဲ့သည်။ တစ်ခါတစ်ရံတွင် အိမ်ထောင်ရှင်မ တစ်ဦးပမာ အစဉ်မပြတ် လုပ်နေရသော အာဂါသာသည် ဤသို့ပင် အနားယူတတ်လျက် အိလိန်း မြို့ရှိ သူမ၏ သူငယ်ချင်းဖြစ်သူ အက် ဒလင်းတို့ထံ သွားရောက်ပြီး တစ်ပတ်ခန့် နေထိုင်လေ့ ရှိသည်။ ယနေ့ လည်း အာဂါသာသည် အိမ်ကိစ္စအဝဝကို ရက်သတ္တတစ်ပတ်မျှ လိုလေ သေးမရှိအောင် စီမံခန့်ခွဲ ထားခဲ့ပြီးနောက် သားရေသေတ္တာငယ် တစ်ခုကို ဆွဲကာ မီးရထားဖြင့် စီးနင်းလိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။

ဗိုလ်ကြီး ဆားမားရက်စ်သည် သူ၏ ရာထူးတိုးတက်ရေးကို စဉ်းစားရာမှ ရပ်လိုက်ပြီးနောက် ခရီးသွားဖော် အမျိုးသမီးဘက်သို့ လှည့် ကြည့်လိုက်သည်။ သူမ၏ အကြည့်များက သူ့ထက်ဦးစွာ ပြန်ကြည့်နေ သည်ကို တွေ့ရသောအခါ မနေတတ်အောင် ဖြစ်သွားပြီးနောက် မီး ရထား အပြင်ဘက်သို့ မျက်နှာလွှဲလိုက်ရသည်။ ခေတ္တမျှ ကြာသောအခါ မှ သူသည် စိတ်အားပြန်တင်းကာ သူမဘက်သို့ ကြည့်မိပြန်သည်။ သူမ၏ မျက်လုံးများက အသင့်စောင့်နေကြပြန်သည်။ ဗိုလ်ကြီး ဆားမား ရက်စ်သည် အတော် တုန်လှုပ်သွားခြင်းကြောင့် စီးကရက် တစ်လိပ်ကို ကယောင်ကတမ်း ထုတ်လိုက်မိသည်။ ထို့နောက်မှ အရဲစွန့်၍–

"ကျွန်တော် ဆေးလိပ် သောက်နိုင်ပါသလား" ဟု ယဉ်ကျေး သော အမူအရာဖြင့် ခွင့်တောင်းလိုက်မိတော့၏။

သူမသည် ကျက်သရေရှိလှသော အပြုံးကို ဆောင်လိုက်ပြီးမှ–

"သောက်ပါရှင်၊ သောက်ပါ။ ကျွန်မက ဆေးလိပ်နံ့ ခံနိုင်ပါ တယ်။ အမှန်မှာတော့ ရှင် ဆေးလိပ်မသောက်မှာကိုပဲ ကျွန်မက ကြောင့် ကြနေမိသေးတယ်" ဟု ပြန်ပြောသည်။

mgyoe.com

mgyoe.com


"ဟုတ်ကဲ့၊ သောက်ပါ" ဟု ပြောလျှင် ပြီးနိုင်ပါလျက် ဤမျှ ရှည်လျားစွာ ဖြေကြားသောအခါ သူမ၏ ဖော်ရွေမှုကို ရိပ်စားမိသည့် အတွက် ဗိုလ်ကြီးခမျာ အတော်ပင် နေသာထိုင်သာ ရှိသွားတော့သည်။ ထို့ကြောင့် သူက မီးခိုးများကို မှုတ်ထုတ်ရင်း–

"အတော် အိုက်တာပဲဗျာနော်" ဟု အရဲစွန့် ပြောလိုက်သည်။

"အတော်အသင့်ပါပဲ။ ဒါပေမဲ့ ရှင် ရောက်ခဲ့တဲ့ အပူပိုင်းဒေသတွေ နဲ့စာရင် တော်သေးတာပေါ့ မဟုတ်လား"

သူ ဘယ်ကလာသည်ကို တွေးခေါ်နိုင်သည့် သူမ၏ ဉာဏ်စွမ်း ရည်ကို ဗိုလ်ကြီး ဆားမားရက်စ်က ချီးကျူးမိသည်။ ထို့ကြောင့်–

"ဟုတ်ကဲ့၊ ဟိုဒေသတွေနဲ့စာရင်တော့ အေးတာပေါ့လေ" ဟု အလိုက်သင့် ပြန်ပြောမိ၏။

"တရုတ်ပြည် ရေတပ်စခန်းက ပြန်လာတယ် ထင်ပါရဲ့၊ ရှင် က..."

သူမ၏ စကားခေါ်မှုနောက်တွင် ဗိုလ်ကြီးဆားမားရက်စ်သည် အတားအဆီး မရှိတော့ဘဲ ကြည်နူးနှစ်သိမ့်စွာ လိုက်ပါသွားမိတော့ သည်။ မီးရထားသည် တစ်ဘူတာပြီး တစ်ဘူတာ ကျော်ဖြတ်သွားနေ သည်။ သူတို့၏ စကားလက်ဆုံကျမှုမှာလည်း တစ်ဘာသာရပ်ပြီး နောက်တစ်ဘာသာသို့ ကူးပြောင်းသွားကြလျက် မကြာမီအတွင်းပင် နှစ်ဦးစလုံးမှာ ရင်းနှီးခင်မင်သည်ဟု ဆိုနိုင်လောက်အောင် ရှိသွားသည်။

ဗိုလ်ကြီး ဆားမားရက်စ်သည် သူ့တစ်သက်တွင် တစ်ခါမျှ နက်နဲ စွာသော မိန်းမနှင့် မတွေ့ကြုံဘူးခဲ့ပေ။ တွေ့ကြုံခဲ့ရသော မိန်းမများမှာ လည်း ပေါ့ပြက်ပြက်နိုင်လှ၍ မည်သည့်စကားကိုမျှ လေးနက်စွာ မဆွေး နွေးတတ်သော အတွေးဉာဏ်တိမ်သည့် မိန်းမများသာ များပြားပေသည်။ မိန်းမများသည် ချောသော်လှသော်လည်း ဉာဏ်တိမ်သည်၊ စကားကို

mgyoe.com

mgyoe.com



ပေါက်တတ်ကရ မလေးနက်သော အကြောင်းများသာ ပြောဖော်ရသည်ဟု သူ ထင်မြင်ခဲ့ခြင်းများမှာ ယခု အမျိုးသမီးကျခါမှ တစ်မူထူးခြားစွာ တွေ့နေရသည်။

သို့ကြောင့် ချာရင်းခရော့စ် ဘူတာ ရောက်ကာနီး၌ သူမက လက်ဆွဲသားရေအိတ်ကို လှမ်းကြည့်၍ ခရီးဆုံးရောက်တော့မည်ဟု သတိပြုမိသောအခါတွင် သူ့မှာ ခွဲခွာရမည်ကိုပင် ဝန်လေးသကဲ့သို့ ရှိလာသည်။ ဝမ်းနည်းလာသည်။ ဤမျှ စိတ်ဝင်စားစရာကောင်းသော အမျိုးသမီးတစ်ဦးကို ခဏတာ သိကျွမ်းလိုက်ရသည်ဆိုခြင်းမှာ ဆုံးရှုံးခြင်း တစ်ရပ်ပင် ဖြစ်ကောင်းဖြစ်မည်။ သို့ကြောင့် သူသည် မတတ်တတ်ရပ်လိုက်ကာ–

"ကျွန်တော်လည်း ချာရင်းခရော့စ်မှာ ဆင်းမှာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ မခွဲခင် တစ်နေရာမှာ ညစာစားရအောင် ဖိတ်ပါရစေ" ဟု ဆိုလိုက်သည်။

အာဂါသာမှာ ငြင်းရခက်နေလောက်အောင် သူမကိုယ်တိုင်က ငြီးငွေ့နေပြီ ဖြစ်တော့၏။ သူ၏ ဖိတ်မန္တကပြုပုံမှာ ကဗျာမဆန်လှသော်လည်း မုန့်စားချင်လျက် မတောင်းတတ်သော ကလေးငယ်ကဲ့သို့ သနားဖွယ်ပင် ကောင်းသေးသည်ဟု သူမက ယူဆမိသည်။

ခရီးဆုံးဘူတာသို့ ရောက်သောအခါတွင် သူတို့သည် ပါလာသော သေတ္တာများကို ဘူတာရုံ၌ ခေတ္တအပ်ထားခဲ့ပြီးနောက် တက္ကစီတစ်စီးကိုခေါ်ကာ ဗိုလ်ကြီး ဆားမဲ့ရက်စ်က ဟိုတယ်တစ်ခုသို့ မောင်းရန် အမိန့်ပေးလိုက်သည်။ အာဂါသာမှာ ဟိုတယ်သို့ တစ်ကြိမ်တစ်ခါမျှ မသွားရောက် မစားသောက်ဘူးပေ။ သူစိမ်းယောကျာ်းတစ်ဦးနှင့် သွားရန်ကား သာ၍ပင် လမ်းဝေးသေးတော့သည်။

သို့သော် ယနေ့ညနေအဖို့မူကား သူမသည် ဘာဖြစ်နေသည် မသိ၊ ဗိုလ်ကြီး ဆားမားရက်စ်နှင့် သွားလာ စားသောက် စကားလက်ဆုံ

mgyoe.com

mgyoe.com



ကျရမည်ကို ပျော်ရွှင်နေသည်။ ခွဲခွာရမည်ကို ပူပန်နေသည်။ ယင်းစိတ်နှစ်ခုက သူမကို ဆုပ်ကိုင်ကာ ဗိုလ်ကြီး ဆားမားရက်စ်နှင့် ပူးတွဲပေးနေသည်။

ဟိုတယ်မှာ စားသောက်သူ မများလှသောကြောင့် သူတို့သည် ချောင်ကျရာ စားပွဲတစ်ခုတွင် အနှောင့်အယှက်ကင်းမဲ့စွာ စကားပြောနိုင်ကြသည်။ သူမ၏ အာရုံများတွင် ဗိုလ်ကြီး ဆားမားရက်စ်အား ကလေးဆိုးကြီး တစ်ယောက်ကဲ့သို့သာ သဘောရနေလျက် သူမ၏ ရင်ခွင်တွင် ဆွဲသွင်းကာ သူ၏ ရွှေရောင်ဆံပင်ကလေးများကို ပွတ်သပ်ပေးနေလိုစိတ်များ ဖြစ်ပေါ်လာသည်။ သူက သူမအား အာဂါသာဟု ခေါ်၏။ သူမကလည်း ရင်းနှီးစွာပင် သူ့အား ဒစ်ကီဟု ခေါ်ပြောကြလေသည်။

စားသောက်ပြီး အတန်ကြာသောအခါတွင် ခေတ္တမျှ ဖုံးကွယ်ထားသော အတွေးများသည် ပြန်လည်ပေါ်ပေါက်လာကြပြန်သည်။ ခွဲရပေဦးတော့မည်၊ ခွဲရမှာ အသည်းနာလှသည်။ အာဂါသာမှာ ယနေ့ည ကိုးနာရီထက် ညဥ့်နက်ပြီးနေ၍ မသင့်တော်၊ သူမ၏ မိတ်ဆွေကို မည်သို့အကြောင်းပြမည်နည်း။

ဘူတာရုံသို့ အပြန်ခရီးတွင် သူတို့သည် အတွေးကိုယ်စီ နစ်မျောနေသဖြင့် များစွာ စကားမပြောနိုင်ကြ။ သို့သော် နှစ်ယောက်စလုံး၏ စိတ်မှာပင် အခြား တစ်ယောက်၏ ခံစားနေရချက်ကို သုံးသပ်မိပြီး ဖြစ်သည်။

ကားနောက်ပိုင်း၏ မှောင်ရိပ်ဝယ် ဗိုလ်ကြီး ဆားမားရက်စ်သည် အာဂါသာ၏ လက်ဖမိုးနုနုကလေးကို အသာအယာ ဆွဲယူဆုပ်နယ်လိုက်မိသည်။ သူမ၏ လက်ဖမိုးများမှာ အလစ်တွင် သုတ်ထားသော မျက်ရည်စက်များကြောင့် စိုရွှဲနေသည်ကို စမ်းသပ်မိသည်။

ထို့နောက်တွင်မူကား တောင့်တမွတ်သိပ်စွာ နမ်းရှုပ်သံများသည်

mgyoe.com

mgyoe.com



မော်တော်ကား နောက်ပိုင်းတွင် အဆက်မပြတ် ပျံ့ဝဲထွက်ပေါ်လာပေတော့၏။

(၃)

ချာရင်းကရော့စ် ဘူတာရုံမှ မီးရောင်များသည် ကားမှောင်ထုတွင်းသို့ တိုးဝင်လာသောအခါမှ သူတို့သည် လူချင်းခွာလိုက်ကြသည်။ အာဂါသာမှာ သူမ၏ ဖရိုဖရဲဖြစ်နေသော ဆံပင်များ၊ ကွက်နေသော ပေါင်ဒါများကြောင့် ကားတွင်းမှာပင် ချောင်ကပ် ထိုင်နေသည်။

ဗိုလ်ကြီး ဆားမားရက်စ်သည် အပ်ထားသော သားရေသေတ္တာများကို သွားယူပြီး ကားဆီသို့ ပြန်လာသည်။ ဒရိုင်ဘာက ဆီးကြို၏။

"ဘယ်ကို မောင်းရမလဲ ဆရာ" ဟု မေးလိုက်သည်။ သူသည် အဖြေကို ရုတ်တရက် ရှာမရသကဲ့သို့ တွေဝေနေမိ၏။

"ဘယ်ကို သွားကြမလဲ ဒါလင်"

"ဘယ်ကိုသွားမှာလဲ မောင်ရယ်၊ မောင့်သဘောပေါ့"

အပျိုကြီး အာဂါသာမှာ အချစ်၏ နှောင်ကွန်ရက်တွင် မလှုပ်နိုင်တော့သော သားကောင်ငယ် ဖြစ်ခဲ့ရပြီတကား။

ကားသည် ညင်သာစွာ လိမ့်ထွက်၍ ဗိုလ်ကြီးဆားမားရက်စ်တို့စုံတွဲအား ဟိုတယ်တစ်ခုဆီသို့ ယူဆောင်သွားနေသည်။ ဟိုတယ်တွင် သူတို့သည် ဗိုလ်ကြီးဆားမားရက်စ်နှင့် ဇနီး၏ အမည်ပေးသွင်းကာ နှစ်ယောက်အိပ် အခန်းတစ်ခန်းကို ငှားကြလေသည်။ မွန်မွန်ရည်ရည်ရှိလှသော အာဂါသာ၏ အချိုးအဆက်ကြောင့် မည်သူကမျှ သူတို့အား သံသယဖြစ်ဟန် မရှိပေ။

ထို့နောက်တွင်ကား ဗိုလ်ကြီး ဆားမားရက်စ်နှင့် အာဂါသာမှာ ဟိုတယ်၏ သဋ္ဌာဆောင်ခန်းဝယ် ရက်သတ္တတစ်ပတ်လုံး အချစ်ရေယဉ်ကြော နှစ်မျောလိုက်ပါမိကြပေတော့သတည်း။

mgyoe.com

mgyoe.com



ဗိုလ်ကြီးဆားမားရက်စ်မှာ အာဂါသာနှင့် လင်မယားကဲ့သို့ အတူတကွ နေထိုင်ခဲ့ရသော ရက်ပေါင်းများလေ အာဂါသာအား ပိုမို စိတ်ဝင်စားလေ ဖြစ်လာခဲ့သည်။ သူသည် အာဂါသာ၏ အဝတ်အစား၊ အနေအထိုင်၊ အပြောအဆိုမှစ၍ အစစအရာရာ အကဲခတ်သော်လည်း ယခင်က သူ ထင်သကဲ့သို့ အောက်တန်းလွှာမှ မိန်းမပေါ့တစ်ဦး မဟုတ်ဘဲ ဂုဏ်သရေရှိ အထက်တန်းလွှာမှ အမျိုးသမီး တစ်ဦး ဖြစ်ကြောင်း ရိပ်မိခဲ့သည်။ သို့သော်လည်း ဘာမျှမကြာသေးသောအချိန်က သိက္ခာချမ်းခဲ့ရသည့် မိမိအား သူမ၏ အပျိုစင်ဘဝကိုပင် သူတောင်းစားအား တစ်ပြားတစ်ချပ် ပေးသကဲ့သို့ ရက်ရက်ရောရော ပေးအပ်ခဲ့ခြင်းကိုမူ နားမလည်နိုင်အောင် ဖြစ်မိတော့သည်။

အာဂါသာ ကိုယ်တိုင်မှာလည်း အဘယ့်ကြောင့် ဤကဲ့သို့ ဖောက်ပြားမိသည်ကို အဖြေရှာမတွေ့ပေ။ သူမသည် တစ်ရက်၊ နှစ်ရက်အတွင်းမှာပင် ဗိုလ်ကြီးဆားမားရက်စ်အပေါ်၌ ယခင်ကကဲ့သို့သော စိတ်ဝင်စားမှုမျိုး မဟုတ်တော့ဘဲ ထူးခြားစွာ ပြောင်းလဲလာခဲ့သည်။ ဗိုလ်ကြီး ဆားမားရက်စ်အား ကာမဆန္ဒအားဖြင့် တောင့်တမှုတို့မှာ ယုတ်လျော့လွင့်ပါးသွားလျက် သားငယ်တစ်ဦးအား ကြင်နာသည့် မိခင်စိတ်က ဝင်ရောက်လာလေသည်။ သို့ကြောင့်လည်း ဗိုလ်ကြီး ဆားမားရက်စ်က လွန်ကျူးမိသည့်အတူ မိမိအား လက်ထပ်ခွင့်ပေးပါရန် တောင်းပန်သောအခါတွင် အာဂါသာသည် ညင်သာစွာပင် ခေါင်းယမ်းလိုက်မိ၏။ သို့သော်လည်း ဆားမားရက်စ်ထံမှ လက်ထပ်လက်စွပ်ကိုမူ လက်ခံယူထားလိုက်ကာ သူမ၏ ရင်ခွင်ကြားဝယ် ကွယ်ဝှက်သိမ်းဆည်းထားလိုက်၏။ သို့ကြောင့် ငါးရက်တာမျှ အတူနေပြီး ခွဲခွာကြရသောအခါတွင် အာဂါသာသည် စိတ်ကို ယတိပြတ် ဆုံးဖြတ်ထားသည့်အသွင်နှင့် များစွာ အလွမ်းမသယ်တော့ဘဲ ခွဲခွာလာခဲ့သည်။ ဗိုလ်ကြီး ဆားမားရက်စ်မှာမူ

mgyoe.com

mgyoe.com


အိပ်မက်တွင် ခေတ္တ တွေ့လိုက်ရသော နတ်ကညာကဲ့သို့ စွဲထင်ကျန်ရစ်မည်မှာ မလွဲပါချေ။

## (၄)

အိမ်သို့ ပြန်ရောက်သောအခါ အာဂါသာသည် မူမပျက်ပင် နေထိုင်ခဲ့သည်။ သူမ၏ ဖခင်အား တစ်ခါတစ်ရံ စကားစပ်မိလျှင် အက်ဒလိန်းတို့ အိမ်သားတစ်စု၏ အကြောင်းကိုပင် ကြားညှပ်ပြောဆိုလိုက်သဖြင့် မည်သူကမျှ သူမအား သံသယ မဖြစ်ကြပေ။ သို့သော် သဘာဝ၏ ဓမ္မတာ သဘောတရားကား လူ၏ သံသယကို အခြေမပြုပါ။ ပထမသော် အာဂါသာသည် "မဟုတ်နိုင်ပါဘူးလေ" ဟူသော ဖြေဆေးကလေးကို ဖွတ်မိုတ်မျိုချရင်း သံသယကို ရှင်းရှာသည်။ သို့သော်လည်း အမူအရာ လက္ခဏာများမှာ မပြောင်းမလဲဘဲ တစ်နေ့တခြား ရင့်သန်လာသောအခါတွင် သူမမှာ အထိတ်တလန့် ဖြစ်မိသည်။ ပထမသော် ဗိုလ်ကြီး ဆားမားရက်စ် ပေးခဲ့သော လိပ်စာအရ စာရေးရန် စိတ်ကူးမိသည်။ သို့သော်လည်း ထိုစိတ်ကူးကို ချက်ချင်းပင် ပယ်ဖျက်ပစ်လိုက်သည်။ သို့တအုံနွေးနွေး ဖြစ်နေသော အချိန်ကို ဖခင်ဖြစ်သူ မစ္စတာဘရောင်းက တစ်ညနေတွင် ဒေါသမုန်တိုင်း ဆင်လိုက်လေတော့၏။

မစ္စတာဘရောင်းသည် ခါတိုင်းထက် စောစွာ အိမ်ပြန်လာခဲ့၏။ မျက်နှာတစ်ခုလုံးမှာ ရွာတော့မည့် မိုးကဲ့သို့ အုံ့ဆိုင်းနေသည်။ သူသည် အာဂါသာ ချပေးသော လက်ဖက်ရည်ခွက်ကို ဘေးသို့ ရွှေ့လိုက်ပြီးမှ—

"တော်ပြီ၊ လက်ဖက်ရည် မသောက်ချင်ဘူး။ မင်းနဲ့ စကားပြောစရာ ရှိတယ်၊ ငါ့သမီး..."ဟု အစချီလိုက်သည်။

အာဂါသာသည် ကျရောက်တော့မည့် မုန်တိုင်းကို ရိပ်စားမိသကဲ့သို့ ခပ်တည်တည်ပင် ရပ်နေလိုက်တော့၏။ အဘိုးကြီးက စတင်လျက်—

mgyoe.com

mgyoe.com


"နေ့လယ်က အက်ဒလိန်းတို့အဖေနဲ့ မမျှော်လင့်ဘဲ သွားတွေ့တယ်" ဟု အစချီလိုက်သည်။ ပြီးမှ–

"ငါ့သမီး လိမ်မပြောဘူးဆိုတာ ဖေဖေ သိတယ်။ သမီး လွန်ခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက အိလိန်းကို အလယ်သွားဖို့ ဖေဖေ လွှတ်ခဲ့တယ်။ ရောက်ခဲ့သလား"

"မရောက်ခဲ့ဘူး"

အာဂါသာက ယတိပြတ်ပင် ပြောလိုက်သည်။

"ဟင်... မရောက်ခဲ့ဘူး ဟုတ်လား၊ ဒါဖြင့် ဘယ်သွားသလဲ ပြောစမ်း၊ ချက်ချင်း"

အာဂါသာက မည်သို့မျှ တုံ့ပြန်ခြင်းမပြု။

"တယ်တော်တဲ့ သမီးပေါ့လေ ဟင်...၊ နင် ဘယ်သူနဲ့ သွားသလဲ၊ ယောကျ်ားတစ်ယောက်နဲ့ လိုက်သွားသလားဟင်"

အာဂါသာက ခေါင်းညိတ်လိုက်သောအခါ ယမ်းပုံမီးကျသွားတော့၏။

"တိရစ္ဆာန်မကလေး၊ ငါကတော့ သမီးကြီး လိမ္မာလှချည့်ရဲ့လို့ ဂုဏ်ယူနေတယ်။ ယောက်မခြင်းစီး ပြလိုက်တာပေါ့လေ။ ရှက်လှသကွာ၊ တောက်၊ ဘယ်သူနဲ့လဲ၊ ဟိုနောက်ဖေးလမ်းက ကောင်လေး အိဗန်နဲ့လား"

အာဂါသာသည် ပြုံးမိသလိုပင် ဖြစ်သွားသည်။

"မဟုတ်ပါဘူး ဖေဖေရယ်၊ ဖေဖေ သိတဲ့ထဲက မဟုတ်ပါဘူး" ဟုသာ ဆိုလိုက်သည်။

"ဒါဖြင့် ဘယ်သူလဲ ပြောလေ၊ ပြောစမ်း။ ဘရောင်းအကြောင်း သိကြရောပေါ့ကွာ" ဟု လက်သီးလက်မောင်းတန်းပြန်သည်။

အာဂါသာက "မဖြစ်ပါဘူး ဖေဖေရယ်၊ အပိုပါပဲ။ သူ့အကြောင်း မေးမနေပါနဲ့တော့။ သမီး မိုက်ပြစ်နဲ့ သမီးပါ။ သမီးဘာသာပဲ ခံပါ့မယ်"

mgyoe.com

mgyoe.com

ဟု သနားစဖွယ် ဆိုလိုက်သောအခါ ဖခင်လုပ်သူမှာ အရည်ပျော်သွားရပြန်ရှာသည်။

"မိုက်လှချည့်လား သမီးရယ်၊ ဖေဖေ့ကို ပြောစမ်းပါဦး။ သမီးမှာ အခု..."

အဘိုးကြီးသည် ဆက်မမေးရဲသကဲ့သို့ ရပ်တန့်သွားသည်။ သူသည် အာဂါသာ၏ အနေအထိုင် မူပျက်ပုံကလေးများကို ယခင်က သတိမပြုမိသော်လည်း ယခုမှ အရိပ် မြင်လာတော့သည်။

"ဖေဖေ့ သမီး မိုက်ခဲ့ပါတယ် ဖေဖေရယ်။ သမီးမှာ အခု ပေါ့ပေါ့ပါးပါး မဟုတ်တော့ဘူး" ဟု အာဂါသာက မျက်ရည်စများဖြင့် နိဂုံးချုပ်လိုက်သောအခါ မစ္စတာဘရောင်းသည် ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ခြေပစ်လက်ပစ် လဲကျသွားတော့၏။

"တို့တစ်တွေတော့ သူများ တံတွေးခွက်မှာ ပက်လက်မျောကြပြီ"

ထိုနေ့ညနေ အလုပ်မှ ပြန်လာသော သားလူပျိုပေါက် နှစ်ယောက်တို့မှာ ဖခင်ထံမှ အဖြစ်အပျက် အလုံးစုံကို ကြားကြရသောအခါ ဒေါသပုန်ထကြပြန်သည်။ လူငယ်ဖြစ်၍ စိတ်မြန်ကြသည့်အလျောက် ချက်ချင်းပင် သားကြီးဖြစ်သူ ဝီလီက–

"ဒီလိုဆို မဖြစ်ဘူး ဖေဖေ၊ မမကို တခြား သွားနေခိုင်းရမယ်" ဟု ဆိုလိုက်သည်။ သားငယ် ဟယ်ရီကလည်း–

"ဟုတ်တယ်၊ မွေးဖွားပြီးမှ ကလေးကို သူများပေးပြီး ပြန်လာခဲ့ပေါ့" ဟု ပြောသည်။

အာဂါသာသည် သူ့မောင်အား စူးစိုက်ကြည့်လိုက်ပြီး–

"ဘာပြောတယ် ကလေးကို ပေးပစ်ရမယ် ဟုတ်လား၊ ဝေးသေးတယ်။ ငါ့ကလေးကို ငါပဲ မွေးမယ်။ ဘယ်သူ့မှ မပေးဘူး" ဟု ဆတ်ဆတ်ကြဲ ပြန်နဲ့လိုက်၏။

mgyoe.com

mgyoe.com


"မရှုးစမ်းပါနဲ့ မမရာ၊ လူတွေက အဖေမပေါ်ဘဲ မွေးထားရင် ဘာပြောမလဲ။ အဲဒီတော့ ကလေးကို ပေးလိုက်ရင် ပေးလိုက်။ မပေးလိုက်ရင် မမပါ ဆင်းသွားရုံ ရှိတာပဲ"

ဝိလီသည် သူ့စကားကို ပြောပြီးမှ စိတ်မလုံဖြစ်မိသည်။ အာဂါသာကလည်း–

"ဘာပြောတယ်ကွဲ့" ဟု တစ်ခွန်းတည်းသာ မေးလိုက်သည်။

မစ္စတာဘရောင်းသည် အလုပ်အကိုင် ရှာဖွေ၍ စုဆောင်းရသမျှ ဘဏ်အပ်ငွေ ဝယ်ထားသော အိမ်ရာ၊ အပေါင်ခံထားသော ခြံ၊ မြေစသည်အားလုံးကို သူ့ဇနီး၏ အမည်ဖြင့် လွှဲအပ်ထားခဲ့သည်။ လွန်ခဲ့သည့် ၁၅ နှစ်ကျော်က သူ့ဇနီး ဆုံးပါးသောအခါတွင် မမျှော်လင့်ဘဲ သူ့ဇနီးသည် သူမ၏ ရှိပစ္စည်းအားလုံးအား တစ်ခုမကျန် အာဂါသာ အမည်သို့ လွှဲပြောင်းခဲ့ကြောင်း အံ့သြစွာ သိရှိရလေသည်။ သို့ကြောင့် သားအဖတစ်စု ချမ်းသာသမျှမှာ တရားဥပဒေအရ အာဂါသာ၏ ပစ္စည်းများသာ ဖြစ်တော့၏။

သို့ကြောင့် မောင်လုပ်သူက စကားကို လျှော့ချလိုသော သဘောဖြင့်–

"မဟုတ်သေးပါဘူးလေ၊ ကျွန်တော် ပြောတာက မမမှာ ကလေးလည်း ကြည့်ရဦးမယ်ဆိုရင် ဘာမှ စီးပွားရေးကို ဖိဖိစီးစီးလုပ်နိုင်မှာ မဟုတ်လို့ ပြောတာပါ"

ဟု ဆိုလိုက်သည်။ ထို့နောက်တွင်မူကား သူတို့သည် အပြင်းအထန် ငြင်းခုံကြသည်။ အာဂါသာကလည်း သူ့ကလေးကို သူပဲ ကြီးပြင်းအောင် ပြုစုချင်သည်။ နောက်ဆုံးတွင် အာဂါသာသည် လက်ဆွဲသားရေအိတ်ဖြင့် အဝတ်အစားများ ထည့်ကာ အားလုံးရှေ့တွင်ပင် အိမ်မှ ထွက်ခွာသွားခြင်းဖြင့် ဆုံးခန်းရောက်ခဲ့ပေတော့၏။

mgyoe.com

mgyoe.com


## (၅)

အထက်ပါ အခြင်းအရာများကြောင့် ထိုနှစ်နွေဦးပေါက်တွင် အင်္ဂလန်ပြည် ပက်ဟင်မြို့ကလေး၏ တစ်ခုသောလမ်းဖြစ်သည့် ကိုးလ်ချက်စတာလမ်း မစ္စက်ရော်ဂျာ ဟူသော အမျိုးသမီးကြီး၏ အိမ်တွင် အသက်အရွယ် ၂၀ ကျော်၊ ၃၀ တွင်း ရုပ်ရည်သနားကမားနှင့် ချစ်စဖွယ်ကောင်းသော မုဆိုးမကလေး အာဂါသာဘရောင်း လာရောက် ငှားရမ်းနေထိုင်သည်ကို တွေ့ရမည် ဖြစ်သည်။

အစကနဦးသော် အိမ်ရှင် မစ္စက် ရော်ဂျာမှအစ မုဆိုးမကလေးအား သံသယ ဖြစ်မိကြသည်။ သို့သော် မကြာမီ အနေအထိုင်မှန်၍ သိမ်မွေ့သော အမူအရာများကြောင့် သူမ၏အဖြစ်ကို ကြားရသူတိုင်း စုတ်သပ်မိကြသည်။ သူမ၏ လင်ယောကျ်ားမှာ လက်ထပ်ပြီး မကြာမီပင် ဆုံးသွားသည်။ အရက်သမားဖြစ်၍ သူမ၏ ဆွေမျိုးများက သဘောမတူကြ။ ယောကျ်ား သေဆုံးသောအခါ ယောကျ်ားမှာ အတော်အသင့် ချမ်းသာသူ ဖြစ်သောကြောင့် ပစ္စည်းများကို အမွေခံလိုက်ရသည်။ ထိုရောအခါ ယောကျ်ားဘက်မှ ဆွေမျိုးများက ငြိုငြင်ကြပြန်သည်။ ထို့ကြောင့် သူမသည် သွားလေသူ လင်ယောကျ်ားထားခဲ့သမျှကို ခြစ်ခြစ်ခြုတ်ခြုတ်စားသောက်ကာ တစ်ကိုယ်တည်းသာလျှင် အေးအေးဆေးဆေး နေထိုင်သွားရန် ရည်ရွယ်သည်။ အာဂါသာသည် ထိုဇာတ်လမ်းကလေးကို ပြောပြတိုင်း ရပ်ကွက်ရှိ လူအများက သနားကြသည်။ ချစ်ခင်ကြသည်။ ပိုက်ဆံမှန်မှန်ရ၍လည်း အိမ်ရှင်အဘွားကြီးက သမီးရင်းပမာ ကြည်ဖြူလာသည်။ ထို့ကြောင့် အာဂါသာသည် ငြိမ်းချမ်းစွာ အနားယူရင်း သူမမွေးဖွားမည့်ရက်ကို စောင့်နေမိရှာသည်။

ဝတ်လုံတော်ရ မစ္စတာဒင်းမှာ အာဂါသာ၏ အမွေပစ္စည်းအိမ်ရာများကို တာဝန်ယူ ထိန်းသိမ်းပေးသော ဝတ်လုံတော်ရမင်း ဖြစ်

mgyoe.com

mgyoe.com

သည်။ ပထမသော် သူသည် အာဂါသာ၏ အပြောင်းအလဲများကြောင့် အံ့အားသင့်သွားသည်။ ထို့ပြင် တစ်ဖန် အာဂါသာက သူမ ယခုနေထိုင်ရာ လိပ်စာသစ်တွင် သူမ၏ အမည်မှာ မုဆိုးမလေး မစ္စက်ဘာရောင်းဟု ခေါ်တွင်စေလိုကြောင်း ပြောသောအခါ ပါးစပ်အဟောင်းသား ဖြစ်မိ၏။ သို့သော်လည်း အာဂါသာ၏ မျက်နှာ အရိပ်အရောင်၌ ဘာမျှ ဆက်မမေးစေလိုကြောင်း တွေ့ရသောအခါ သူ သိရန် မသင့်ဟု ယူဆလျက် ခတ်မဆိတ်ပင် နေလိုက်တော့သည်။ သူ့တာဝန်မှာ အာဂါသာအတွက် အိမ်လခများ အတိုးငွေများကို ကောက်ခံယူပေးရန်သာ ရှိပေသည်။

မမွေးဖွားမီအချိန် တစ်လျှောက်လုံးတွင် သားသည်အမေ ဖြစ်ရတော့မည့် မိခင်လောင်းတို့ ဓမ္မတာအတိုင်း အာဂါသာမှာ အတွေး စိတ်ကူးယဉ်မိသည်။ လမ်းပေါ်တွင် ပြေးလွှားကစားနေကြသော ကလေးများကို မြင်ရတိုင်း သူ့သားနှင့် နှိုင်းပြီး ချစ်လိုက်မိသည်။ သူမသည် မမွေးဖွားမီကတည်းက သားကလေး ဖြစ်ရမည်ဟု စွဲမြဲယုံကြည်ထားခြင်းမှာ ရူးနှမ်းနှမ်းတော့ နိုင်လွန်းသည်။ သို့သော် သူမက ခြွင်းချက်မရှိ ယုံကြည်သည်။ တစ်နေ့တွင် သူမသည် သတင်းစာကို ဖတ်ရင်း အမှတ်မထင် တစ်ခုသော ကဏ္ဍကို တွေ့လိုက်မိသည်။ ထိုကဏ္ဍမှာ အစဉ်အမြဲလိုပါရှိသော်လည်း ယခင်က တစ်ကြိမ်မျှ သတိမပြုမိခဲ့ပေ။ သတင်းစာ နောက်ပိုင်း မထင်မရှား တစ်နေရာတွင် 'ရေတပ်အမိန့်ပြန်တမ်း' ဟု ဖော်ပြထားသည်။ ထိုခေါင်းစဉ်အောက်တွင် ရေတပ်အရာရှိများ၏ ရာထူးဌာနန္တရ အပြောင်းအလဲများကို အစဉ်တွေ့ရှိနိုင်သည်။ သူမ သတိပြုမိသောအချက်မှာ ဗိုလ်ကြီး ဆားမားရက်စ်၏ အမည်ကို တွေ့ရခြင်းပင် ဖြစ်သည်။ ထို့ပြင် ဗြိတိသျှ စစ်ရေယာဉ်များ၏ သွားလာခြင်းများကိုလည်း ဖော်ပြသောကြောင့် သူမသည် သတင်းစာကို သေချာစွာ မှတ်သားခြင်းအားဖြင့် ကလေးအဖေ ဖြစ်တော့မည့် ဗိုလ်ကြီး ဆားမားရက်စ်၏ အသွားအလာများကို မျက်ခြည်မပြတ် လိုက်ကြည့်နိုင်ပေတော့၏။

mgyoe.com

mgyoe.com


အာဂါသာသည် ဆားမားရက်စ် သတင်းကို နားစွင့်ရင်း တစ်ဖက်ကလည်း မွေးဖွားတော့မည့် ရက်ကို စောင့်မျှော်နေမိသည်။ နေ့စဉ်ရက်ဆက်တွင်လည်း သားကလေးအတွက် ဇာထိုးရသည်၊ ချုပ်ရသည်တို့မှာ မမောနိုင်အောင် ရှိနေသည်။

ရှားရှားပါးပါးနိုင်လှသော မိခင်လက်စွဲကျမ်း၊ သားငယ်ပြုစုနည်း စသည့် စာအုပ်များကိုလည်း ရှာဖွေဖတ်ရှုရသေးသည်။ ဆရာဝန်အားလည်း အမြဲလို သွားရောက် တိုင်ပင်ပြသရပြန်သည်။

သို့ကြောင့် သူမ မွေးဖွားသည့်နေ့ရက်တွင် သားယောကျ်ားလေးကို ဖွားမြင်သောအခါ အာဂါသာမှာ ဒုက္ခတွေကို အားလုံး မေ့ပျောက်ပြီး သား၏ မျက်နှာကို ကြည့်လိုက်ရခြင်းသည်ပင် မဟာ့မဟာ သုခချမ်းသာဟု အထင်ရောက်မိရှာပေတော့၏။

## (၆)

သို့နှင့်ပင် နောက်တစ်ခေတ်၌ ရဲဘော် မောင်ညိုခေါ်တွင်စေမည့် သတို့သားကို အာဂါသာ ဖွားမြင်ခဲ့လေ၏။ ကလေးအမည်ကို 'အဲလ်ဘတ်' ဟူ၍ သူမစိတ်ကြိုက် ခေါ်တွင်ခဲ့သည်။ မည်သည်ကို အကြောင်းပြု၍ ခေါ်တွင်စေခဲ့ကြောင်းကိုမူ မည်သည့် ရာဇဝင်ဆရာကမျှ သုတေသနမပြုခဲ့ချေ။

အဲလ်ဘတ်ဘရောင်း (ဝါ) ရဲဘော်မောင်ညိုကလေးသည် သာမန်ကလေးများကဲ့သို့ပင် ကြီးပြင်းလာခဲ့ရသည်။ အာဂါသာသည် သားငယ်အား မျက်ခြည်ပြတ်မခံဘဲ အစဉ်တစိုက် အရိပ်တကြည့်ကြည့်နှင့်ပင် မွေးလာခဲ့သည်။ ကမ္ဘာလောကတွင် သူမအတွက် အရေးအကြီးဆုံးသော ပုဂ္ဂိုလ်မှာ သူမသားသာလျှင် ဖြစ်ပြီး လူ့လောကအတွင်းသို့ ဝင်ရောက်မည့် သူမက သားအတွက် အကောင်းဆုံး အလုပ်အကိုင်ကိုပင် သူမ

mgyoe.com

mgyoe.com


စိတ်ကူးစီစဉ် ရေးဆွဲပြီး ဖြစ်လေသည်။ ရေတပ်မတော်မှာ ကမ္ဘာ၏ လူပေါ်လူဇော်တို့ ပျော်မွေ့ရာ အလုပ်အကိုင်သာ ဖြစ်သည်ဟု သူမက ယူဆထားပြီးဖြစ်သည့်အလျောက် သူမ၏သားအား ရေတပ်မတော်တွင် ဗိုလ်တစ်ဦး ဖြစ်စေလိုသော ဆန္ဒမှာ သူမ၏ တစ်ခုတည်းသော အာသီသ ဖြစ်တော့၏။

သို့ကြောင့် ရေတပ်နှင့် စပ်ဆိုင်ရာ ရနိုင်သမျှ စာအုပ်စာတမ်းများကို သူမက ပြင်းပြင်းထန်ထန် လေ့လာသည်။ သားငယ်အား ရေတပ်တိုက်ပွဲများအကြောင်းကို ပုံပြင်ပမာ တခမ်းတနား ပြောပြသည်။ 'နယ်ဆင်' 'ဒရိတ်' စသော ရေတပ်ဗိုလ်ချုပ်ကြီးများ၏ အတ္ထုပ္ပတ္တိကို လုံးစေ့ပတ်စေ့ နားလည်စေသည်။ အာဂါသာမှာ သာမန်ယောကျ်ားများပင် မသိကျွမ်းသော ရေတပ်ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်မှန်းမသိ ဖြစ်လာရရှာတော့သည်။

ဝတ်လုံတော်ရမင်း မစ္စတာဒင်းသည် အာဂါသာနှင့် စကားပြောတိုင်း တအံ့တဩ ဖြစ်ရသည်။ သူမ၏ စိတ်ပါဝင်စားမှုမှာ လွန်ကဲလှသည့်ပြင် သားငယ်အား ပိုက်ဆံအကုန်အကျ များလှသော ရေတပ်တက္ကသိုလ် 'ဘရိတားနီးယား' သို့ ပို့ရန် စီစဉ်ကြောင်း သိရပြန်သောအခါ တုန်လှုပ်သွားမိသည်။ အာဂါသာမှာ သူမ၏ ရည်ရွယ်ချက်ကို မည်သူမျှ ပျက်ပြားအောင် မပြောနိုင်သော မိန်းမစားမှန်း သိ၍လည်း မစ္စတာဒင်းသည် သူမ၏ကို ဖျက်လိုဖျက်ဆီး မပြောရဲပေ။

သို့သော် အာဂါသာ၏ စိတ်ကူးယဉ် အိပ်မက်ကို လက်တွေ့ဖျက်ဆီးလိုက်သူ တရားခံမှာ မစ္စတာဒင်းပင် ဖြစ်တော့သည်။ ဝတ်လုံတော်ရမင်းသည် အရက်ကလေးလည်း ကြိုက်သည်။ မြာချောချောလည်းလိုက်သည်။ အလောင်းအစား ဝါသနာကလည်း မသေးလှ။ နောက်ဆုံးတွင် သူသည် သူ့အား ယုံကြည်စွာ အပ်နှံထားသော မြေရှင်၊ ပစ္စည်းရှင်

mgyoe.com

mgyoe.com



တို့၏ ပစ္စည်းအားလုံးကို အလွဲသုံးစားပြုလုပ်ကာ မြုပ်ချက်သားကောင်း အောင် ပျောက်ကွယ်သွားတော့၏။ နောက်ဆုံး အစိုးရက စာရင်းအားလုံး ရှင်းလိုက်သောအခါတွင် အာဂါသာမှာ ဝင်ငွေမှန်မှန်ရနေသည့် အိမ်ရာ အားလုံး ဆုံးရှုံးရသော အခြေသို့ ရောက်ရှိသွားလျက် မဖြစ်စလောက် ငွေကလေးနှင့် သားတစ်ယောက် အမေ ဘဝကိုသာ ခံယူရရှာတော့ သည်။ အဲလ်ဘတ်နှင့် ရေတပ်တက္ကသိုလ်ကား ဝေးကွာခဲ့လေပြီ။ ဗိမာန် ကြီး ပြိုကျပျက်စီးသွားလေပြီ ဖြစ်တော့သည်။

အာဂါသာမှာ သာမန်ဖွဲ့နှင့် မိန်းမတစ်ဦး မဟုတ်ပေ။ သူမ၏ ပြောင်မြောက်လှသော ဇာထိုးပန်းထိုးပညာတို့မှာ သားအမိ နှစ်ဦးအား ကျွေးမွေးနိုင်သော အခြေကို ပေးပြန်လေသည်။ သူမ၏ ဖခင်နှင့် မောင် တို့ဆီသို့ မျက်နှာအောက်ချလျက် ပြန်သွားရန်ကိုကား သူမသည် လုံးဝ စိတ်ကူးမထည့်မိပေ။ သူမ၏သားမှာ ရေတပ်တက္ကသိုလ် မဝင်နိုင်လျှင် ရိုးရိုးတပ်သားအဖြစ်နှင့်ပင် ရေတပ်ကို ဝင်ရောက်စေမည်။ ပညာအခြေခံ အသင့်အတင့်ရှိ၏။ ပြင်းပြင်းထန်ထန် ကြိုးစားပါက ရေတပ်တွင် ပြန် တမ်း ဝင်အရာရှိ ဖြစ်နိုင်စရာ အကြောင်း ရှိသည်။ သို့ကြောင့် သူမသည် ဝီရိယမလျှော့ဘဲ အချိန်အားရသမျှ ရေတပ်အစွဲကို သားငယ်၏ နုနယ် သေးသော ဦးနှောက်တွင်းသို့ အစဉ်တစိုက် ရိုက်သွင်းခြင်းဖြင့် တည် ဆောက်လျက် ရှိပြန်တော့၏။

(၇)

တစ်သားမွေး တစ်သွေးလှ ဟူသော စာဆိုမှာ အာဂါသာတို့ကဲ့သို့ ကံထူးသူ အမျိုးသမီးများမှ ပေါက်ဖွားလာဟန် တူသည်။ ကလေး တစ်ယောက် မွေးပြီးသည့်နောက်မှ အာဂါသာမှာ အသားအရေ ပိုမိုပြည့် ဖြိုး အလှတိုးလာကာ အပျိုစင်များ လိုက်မမီနိုင်အောင် ဖြစ်လာသည်။

mgyoe.com

mgyoe.com



တင်ပါးဆုံမှာ ကား၍ ကျယ်ဝန်းပြည့်တင်းလာသည်။ ရင်သားများမှာ ပိုမိုထွားကြိုင်းလာသည်။ လက်မောင်းအိုးမှာ ချောမွတ်သွယ်တန်းလာသည်။ မျက်နှာမှာ ပိုမိုကျက်သရေ ရှိလာသကဲ့သို့ ထင်ရသည်။ သို့ကြောင့် အာဂါသာကို အပျိုကလေးနှင့် မလဲနိုင်အောင် စိတ်နူးညွတ်ကြသည့် ဖိုသတ္တဝါများအနက်တွင် ကျောင်းဆရာကလေး မစ္စတာဂိုးလ်ပါဝင်နေသည်ကို အပြစ်မဆိုသာပေ။

မစ္စတာဂိုးလ်မှာ အလယ်တန်းပြ ကျောင်းမှ ကျောင်းဆရာတစ်ဦးဖြစ်သည်။ ထိုကျောင်းမှာ အဲလ်ဘတ် တက်ရောက် ပညာသင်ကြားနေသည့် ကျောင်း ဖြစ်၏။ တစ်နေ့သော် အဲလ်ဘတ်ကို အကြောင်းပြု၍ ကျောင်းဆရာ မစ္စတာဂိုးလ် အာဂါသာ၏အိမ်သို့ ဆိုက်ရောက်ခဲ့သည်။

အာဂါသာကို မြင်ကတည်းက ကျောင်းဆရာ လူပျိုကြီး မစ္စတာဂိုးလ်မှာ အစွဲကြီး စွဲတော့သည်။ သပ်ရပ်၍ အိမ်ရှင်မ ဝတ္တရား၊ အိမ်သည်ဝတ္တရား ကျေပြွန်စွာဖြင့် အာဂါသာက ဧည့်ခံသောအခါ မစ္စတာဂိုးလ်မှာ သူ၏ တစ်ကိုယ်တည်း လူပျိုကြီးဘဝကို အစတုံးလိုက်ရန် ဆုံးဖြတ်မိသည်။ ထို့ကြောင့် ပြန်ကာနီးတွင်ပင် မိမိမကြာခဏ လာရောက် လည်ပတ်ပါရစေဟု အာဂါသာအား ခွင့်တောင်းမိရှာသည်။ ပြောသည့်အတိုင်းလည်း မစ္စတာဂိုးလ်မှာ အချစ်၏ကျေးကျွန် အချိန်မှန် ဧည့်သည်တစ်ယောက်အဖြစ် ဥဒဟို ပေါက်လာတော့၏။

အာဂါသာသည် မစ္စတာဂိုးလ်အား ကြည်ညိုအားထားလောက်သော အာဇာနည် ယောကျ်ားတစ်ယောက်အနေဖြင့် မမြင်မိပေ။ စည်းစိမ်ရှိလှစွာသော အိမ်သူဇနီး၏ အပြုအစု အယုအယကို ခံကာ အိမ်ထောင်ရေး အရသာယူလိုသော ကျောင်းဆရာ လူပျော့လူညံ့ တစ်ဦးအနေနှင့်သာ မြင်မိပေသည်။ သို့သော်လည်း ကျောင်းဆရာ တစ်ဦး၏ အသင့်အတင့် ဝင်ငွေမှာ သားကလေး အဲလ်ဘတ်၏ ပညာရေးအတွက် စဉ်းစား

mgyoe.com

mgyoe.com



စရာ ဖြစ်သည်။ ခါးခါးသီးသီး ငြင်းပယ်ထိုက်သော ပုဂ္ဂိုလ်တစ်ဦးတော့ မဟုတ်။ မချစ်သော်လည်း အောင့်ကာသာ နမ်းရပါစေ။

သို့သော် တစ်ညနေတွင်မူ မျှော်လင့်ချက်များ ကွယ်ပျောက်သွားခဲ့ရ၏။

မစ္စတာဂိုးလ်သည် ပက်လက်ကုလားထိုင်တွင် ဖိမ်ကျကျ ထိုင်ရင်း စကားပြောနေသည်။ အာဂါသာက မီးလင်းဖိုအနီးတွင် ထိုင်ကာ ဇာထိုးရင်း မစ္စတာဂိုးလ် ပြောသမျှ 'သြော်... ဟုတ်လား' 'အစစ်ပေါ့ရှင်' 'ဆက်ပြောစမ်းပါဦး' ဟူသော ဘေးတီးလုံးကလေးများဖြင့် ပျားရည်သုတ်လိမ်းကာ တစ်လုံးပြီးတစ်လုံး ခွံ့နေသည်။ ကျောင်းဆရာ ကိုရွှေချောကလည်း ဝမ်းမြောက်ဝမ်းသာ မျိုချရင်း ပြောနေ၏။ သူသည် အာဂါသာအား ချစ်ရေးဆိုရန် အရှိန်ယူနေခြင်း ဖြစ်သည်။

"အဲဒါပေါ့ဗျ။ ကျုပ်က သိပ်မုန်းတာ။ အစိုးရကလည်း အခွန်တွေ တိုးကောက်ပြီးတော့ ပိုက်ဆံတွေကို အဓိပ္ပာယ်မရှိ၊ ဘာမှ အရာမရောက်တဲ့နေရာတွေမှာ လျှောက်သုံးနေတယ်။ စစ်တပ် တိုးချဲ့ဖို့၊ ရေတပ်တိုးချဲ့ဖို့တို့ပဲ လုပ်နေတယ်။ ကျုပ်တို့လို ပညာရေးလောကက လူတွေကိုတော့ ဘာမှ သတိမရဘူး။

"ကြည့်ပါ့လားဗျာ၊ ဟိုတစ်လောကပဲ စစ်သင်္ဘော ဧရာမကြီး သုံးစင်းဆောက်ဖို့ ပေါင် ဘယ်နှစ်သန်းဆိုလား၊ ပါလီမန်က အတည်ပြုလိုက်တယ်တဲ့။ ဒီသင်္ဘောကြီးတွေ ဆောက်ပြီး ဘာလုပ်မှာတဲ့လဲ။ ကိုင်း... မေးရဦးမယ်။ ရေတပ်ဆိုတာ ဘာမှ အသုံးမကျပါဘူးဗျာ။ အေး၊ တစ်ခုတော့ ကောင်းပါရဲ့။ အဲဒီရေတပ်ထဲမှာ လုပ်တဲ့ ဗိုလ်ချုပ်တွေ၊ ဗိုလ်မှူးတွေတော့ ကောင်းစားမှာပေါ့လေဗျာ။ သူ့သားသွင်း၊ ငါ့တူ ရာထူးပေးနဲ့ ရေတပ်မှာလည်း သားတူညီများ ကောင်းစားရေး သက်သက်ပဲ။ ဒီ သင်္ဘောကြီးတွေ ဟိတ်ဟန်ပြပြီး ဘာမှကို အသုံးမကျတဲ့ လူစားတွေပါပဲ။ နောက်ပြီးတော့လည်း ကြည့်စမ်းပါဦး"

mgyoe.com

mgyoe.com



ဤနေရာတွင် လေရနေသော မစ္စတာဂိုးလ်မှာ စကားပြတ်သွားသည်။ သူသည် သူရဲခြောက်ခံရသကဲ့သို့ သူ့အား ပြူးကြောင် ကြည့်နေသော အာဂါသာအား တွေ့ရသဖြင့် စကားစ ပြတ်သွားခြင်း ဖြစ်သည်။

"ဘာဖြစ်သလဲ၊ မစ္စက်ဘရောင်း နေမကောင်းဘူးလား" ဟု စိုးရိမ်တကြီး မေးရှာသည်။

အာဂါသာမှာ အစိပ္ပာယ်မရှိ၊ ကြက်သေသေနေဟန် တူသည်။ ပြီးမှ နှုတ်ခမ်းကို ကိုက်လိုက်ပြီး နေရာမှ ဆတ်ခနဲ ထလိုက်သည်။

"နေမကောင်းဘူးလား၊ မစ္စက်ဘရောင်း။ ပြောစမ်းပါဦး"

အာဂါသာသည် ဘာမျှပြန်မပြောဘဲ တံခါးဆီသို့ လျှောက်သွားကာ ဆွဲဖွင့်လိုက်ပြီးနောက်–

"ရှင် ပြန်ဖို့ အချိန်တော်ပြီ ထင်တယ်။ မစ္စတာဂိုးလ်" ဟု တုံးတိတိ ပြော၏။

မစ္စတာဂိုးလ်မှာ မျက်မှန်ကျွတ်ကျသွားမတတ် အံ့အားသင့်သွားလျက်–

"နေစမ်းပါဦး ခင်ဗျာ၊ ကျွန်တော် ဘာများ ပြောမိလို့လဲ" ဟု အထစ်ထစ်အငေါ့ငေါ့ မေးရှာသည်။ သို့သော်လည်း သူသည် ခိုင်မာလှသော အာဂါသာ၏ မျက်နှာကဲကြောင့် ဆက်မမေးဝံ့တော့ဘဲ တစ်ချိုးတည်း သုတ်ခြေတင်လေတော့၏။

အာဂါသာသည် တံခါးကို ပိတ်လိုက်ပြီးနောက် တစ်ကိုယ်လုံး မှီကာ မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်မိသည်။

"ဘုရား၊ ဘုရား။ တော်ပါသေးရဲ့၊ စောစောက သိပေလို့" ဟု ရေရွတ်မိရှာသည်။

ယောက်ျားပီသသည့် အင်္ဂါရပ် တစ်စက်မျှ မရှိသူ ကျောင်းဆရာ မစ္စတာဂိုးလ်လို လူမျိုးတစ်ဦးက အာဂါသာ၏ နှလုံးဝယ် အမြတ်တနိုး

mgyoe.com

mgyoe.com


ထားသည့် ရေတပ်မတော်နှင့် ရေတပ်သားတွေကို သိမ်းကျုံးစော်ကား လိုက်သော စကားတစ်ခုတည်းနှင့်ပင် ဆတ်ဆတ်ခါ နာသွားခဲ့သည်။ ရေတပ်မတော်ကို ဤမျှ အထင်သေးသည့် လူမျိုးအား သူမ၏ခင်ပွန်း၊ သားငယ်၏ ပထွေးအဖြစ် ရွေးချယ်မိပါလျှင် မဟာအမှားတော်ကြီး ဖြစ်ချိမ့်မည်ကို သူမက ချက်ချင်း သိလိုက်ရတော့သည်။ လက်မတင် ကလေးလိုကာမှ သိလိုက်ရသည့်အတွက် ဘုရားသခင်ကို ကျေးဇူးဆိုရ ပေဦးမည်။

သူမသည် အိမ်ရှင်အဘွားကြီးအား–

"နောက်ကို အဲဒီကျောင်းဆရာစုတ်လာရင် ကျွန်မ မရှိဘူးလို့ ပြောလိုက်ပါ" ဟု တစ်ခွန်းတည်း ပြောပြီးတော့ အခန်းတွင်းသို့ ဝင်သွား တော့သည်။

ဆိုသည့်အတိုင်းလည်း မစ္စတာဂိုးလ်မှာ အာဂါသာ အနားသို့ တစ်ခါမျှ ချဉ်းကပ်ခွင့် မရရှာတော့ပေ။ သူကား မည်သည့်အခါမျှ အဖြေ ကို ရမသွားခဲ့။ နောက်ဆုံးတွင် စိတ်ပျက်လက်လျှော့ကာ အာဂါသာမှာ စိတ်မနှံ့သော မိန်းမတစ်ယောက် ဖြစ်သည် ဟူသော ဖြေဆေးတစ်ခွက်ကို မှိတ်၍ မျိုချလိုက်ရတော့လေ၏။

(၈)

ထို့နောက်တွင်ကား နှစ်ပရိစ္ဆေဒများသည် တစ်နှစ်ပြီး တစ်နှစ် ကျော်လွှားခဲ့၏။ အာဂါသာ၏ စီးပွားရေး အခြေအနေမှာလည်း တစ်နှစ် ပြီး တစ်နှစ် ကျပ်တည်းလာခဲ့သည်။ တစ်နေ့လုံး တကုန်းကုန်းနှင့် ဇာထိုး၊ ပန်းထိုးလုပ်ရသော အလုပ်များမှာ ပင်ပန်းသလောက် ယခင်ကကဲ့သို့ အရာမရောက်လှတော့ချေ။ ပိုက်ဆံမှာ ရှားလာသည်။ လူတွေကလည်း ဇာပန်းကို အသုံးနည်းလာသည်။ စက်ရုံထွက်များကလည်း လက်ထိုး

mgyoe.com

mgyoe.com



ထက် ကောင်းမွန်လာသည်။ သို့ကြောင့် အာဂါသာ ကြိုးစားသမျှမှာ ဝင်ငွေအနေနှင့် အနည်းအကျဉ်းသာရှိတော့လျက် ရောဂါအနေနှင့်မှာမူ စုပြုံကျန်ရစ်သည်။

အဲလ်ဘတ်မှာ ၁၁ နှစ်သားပင် ရှိပြီ ဖြစ်သည်။ အာဂါသာမှာ ယခင်ကကဲ့သို့ ပြည့်ဖြိုးသော အသားများမှာ တင်းမာမှု မရှိတော့ဘဲ ပျော့တွဲလာသည်။ မျက်လုံးများမှာ ကြည်လင်ခြင်း ကင်းမဲ့၍ မှုန်ရီလာသည်။ တစ်ခါတစ်ရံတွင် အမျိုးအမည် မသိနိုင်လောက်အောင် ဝမ်းတွင်းမှ နာကျင်သော ဝေဒနာ တစ်ခုက သူမအား အမြဲတစေလိုပင် နှိပ်စက်လိုက်သည်။ ပထမသော် သူမသည် စိတ်ကိုတင်းလျက် မိမိကိုယ်မိမိ ကျန်းမာသည်ဟု နှစ်သိမ့်စေကာ ကြိုးစားလုပ်ကိုင်သည်။ သို့သော် အနာမှာ သက်သာသည် မရှိ၊ တစ်ကြိမ်ထက် တစ်ကြိမ် တိုး၍ နှိပ်စက်လာသည်။ တစ်ခါတစ်ရံတွင် ဖောချွေးများပင် ပြန်လျက် မတ်တတ်က လဲကျလုခမန်း ဖြစ်ရသည်။ သို့သော် သူမသည် ဇွဲနှင့် အံကြိတ်ပြီး အလုပ်ကို ဖိလုပ်သည်။ သားငယ် ကျောင်းကအပြန်တွင် အပြုံးဖြင့် ဆီးကြိုရသည်။ သို့သော် ဝေဒနာကား တထစ်မျှ ကျဆင်းမသွားခဲ့ပေ။

ဆရာဝန်သည် စမ်းသပ်ကြည့်ပြီးနောက် မျက်နှာမှာ ရွှင်ပျမှု လုံးဝ မတွေ့နိုင် ဖြစ်နေသည်။ အာဂါသာကမူ သူမ၏ ရောဂါ ဘယ်အခြေ ရောက်နေသည်ကို ရဲရဲဝံ့ဝံ့ သိလိုသည်။ သို့အတွက် ဆရာဝန်က သူမမှာ သားအိမ်တွင် သက်တံနာ ပေါက်နေကြောင်း ပြော၍ ခွဲစိတ်ကုသရန် အကြံပေးသောအခါ စိတ်ပျက်အားငယ်ခြင်း မဖြစ်မိပေ။

စင်စစ်သော် အာဂါသာမှာ မည်သည့်အချိန်ကမျှ အားငယ် ဝမ်းနည်းတတ်သော မိန်းမစား မဟုတ်၊ ၅ ရက်တာမျှ ယောကျ်ား တစ်ယောက်၏ ရင်ခွင်ဝယ် ပျော်မွေ့ခဲ့ရသော အဖြစ်အတွက် သူသည် ဝမ်းနည်းခြင်း မဖြစ်မိ၊ မည်သူ့အားမျှလည်း အပြစ်မတင်၊ မည်သူ့ကိုမျှလည်း အားမကိုးခဲ့။

mgyoe.com

mgyoe.com


သူမ၏ မနားမနေ ရှာဖွေဖတ်ရှုမှုကြောင့် အဲလ်ဘတ်၏ ဖခင် ဆားမားရက်စ်မှာ ယခုအခါ ဒု–ဗိုလ်မှူးကြီး ဖြစ်နေသည်ကိုပင် သူမက သိသည်။ သို့သော် သူ့ဘဝတစ်ခုလုံးကို ပြောင်းလွဲပစ်လိုက်သည့် အဓိက ပုဂ္ဂိုလ်အား သူမသည် အကြောင်းကြားရန်၊ သို့မဟုတ် အသနားခံရန်ကို ဝန်အလေးဆုံး ဖြစ်နေမိသည်။ မိဘမောင်ဘွားများကိုမူ ထည့်သွင်း၍ပင် စဉ်းစားသည် မဟုတ်ချေ။

တစ်ညနေတွင် အဲလ်ဘတ်သည် ကျောင်းမှ ပြန်လာရာ သူ့မိခင် အား အိမ်တွင် မတွေ့ရတော့။ နေ့စဉ်လိုပင် အပြုံးဖြင့် ဆီးကြိုရှာသော မိခင်မှာ ဆေးရုံဝယ် မချိမဆံ့ ဝေဒနာကြောင့် ရှုံ့မဲ့ညည်းတွားနေရှာပြီ ဖြစ်သည်။

အဲလ်ဘတ်သည် တစ်ပတ်လျှင် နှစ်ရက်ကျ ဆေးရုံသို့သွား၍ မိခင်နှင့် တစ်နာရီခန့် တွေ့ဆုံရသည်။ သူ့မိခင်မှာ အရိုးပေါ် အရေတင်၍ လိုက်လာသည်။ ဆေးရုံမှ ဆရာဝန်များသည် တစ်နေ့တွင် အာဂါသာ အား ခွဲစိတ်ကုသကြသည်။ မိန်းမတို့၏ ဟန်ဆောင်မှု သိုသိပ်မှုများ ကြောင့် အာဂါသာ၏ ဝေဒနာမှာ ကျွမ်းနေပြီ ဖြစ်၏။

အဲလ်ဘတ် နောက်ဆုံး သူ့အမေနှင့် တွေ့သောအခါတွင် သူမ သည် တုတ်ချောင်းများကဲ့သို့ အဆစ်အမြစ်များ အပြိုင်းအရိုင်း အရိုးများ ငေါ်နေသော လက်ချောင်းကလေးများဖြင့် သူ့သား၏ ဆံပင်ကို ပွတ်သပ် ပေးနေသည်။ သူ့သားငယ်၏ ဆံပင်နီကြောင်ကြောင်မှာ ဒု ဗိုလ်မှူးကြီး ဆားမားရက်စ်၏ ဆံပင်များကဲ့သို့ပင် နုနယ်လှသည်ဟု သူမက တွေးဆ နေမိပြန်သည်။

“သား၊ သား မေမေ့နား တိုးစမ်းပါဦးကွယ်၊ လူကလေးရယ်”

အာဂါသာ၏ တစ်ချိန်က ပြတ်သား တည်ကြည်လှသော အသံ မှာ သဲ့သဲ့ကလေးမျှသာ ရှိသည်။

mgyoe.com

mgyoe.com



"ငါ့သားကြီးရင် ရေတပ်ထဲ ဝင်မယ်နော်။ ဟုတ်လား၊ သား... သား"

"ဝင်မှာပေါ့ မေမေရဲ့၊ သားသား ရေတပ်မှာပဲ လုပ်ချင်တယ်"

သား ရွှေစင်၏ ကတိကို ကြားရသော လူမမာခမျာမှာ သိကြားမင်း၏ ဆေးတစ်ခွက်ကို သောက်လိုက်ရသကဲ့သို့ အားရလန်းဆန်းသွားသည်။ ချိုင့်နေသော မျက်နှာပြင်နှင့် သွေ့ခြောက်သော နှုတ်ခမ်းများပေါ်ဝယ် အပြုံးတစ်ချက် လျှပ်ပြက်သွားသည်။

နောက်တစ်ကြိမ် အဲလ်ဘတ်သည် သူ့မိခင်အား လာရောက်တွေ့သောအခါတွင် သူမမှာ စကားပြောဖော်မရတော့ပေ။ လူမှန်းမသိသတိလစ်နေပြီ ဖြစ်သည်။

နောက်ဆုံး ပေးထားသော မော်ဖိန်းကြောင့်သာ သူမ၏ အသက်အပ်ချည်မျှင်တန်းကလေး မပြတ်သေးခြင်း ဖြစ်သည်။ သူမ၏ မျက်လုံးများမှာ ပြူးကြောင်နေလျက် အထက်သို့ လန်နေသည်။ သူမ၏ ဝိညာဉ်သည် အပြောကျယ်လှသော သမုဒ္ဒရာရေပြင်နှင့် မိုးကုပ်စက်ဝိုင်း တစ်လျှောက်ဝယ် ပြေးလွှားနေသည်။ တစ်နေရာတွင် ရေပန်းရေမွှားများထအောင် ခုတ်မောင်းနေသော စစ်သင်္ဘောကြီးငယ် အုပ်စုကို တွေ့နေရသည်။ ပင်လယ်ရေပြောထက်မှ သင်္ဘောအုပ်စုကြီးသည် ပိုမိုများပြားလာကာ ခေါင်းတိုင်မှထွက်သော မီးခိုးများမှာ အလိပ်လိုက် တက်လာကြသည်။ ထို့နောက်တွင်မူကား မြင်ကွင်းတစ်ခုလုံးမှာ မီးခိုးများဖြင့် ဖုံးအုပ်ပျောက်ကွယ်သွားချေတော့၏။

ဤသည်၌ အာဂါသာမှာ ဝေဒနာကို နောက်ဆုံး တစ်ချက် ရှုံ့မဲ့ခံလိုက်ရပြီးနောက် ဇိဝိန်ချုပ်ငြိမ်းရှာလေတော့၏။ အိမ်ရှင် အမျိုးသမီးကြီး မစ္စက်ရော်ဂျာသည် တစ်ကောင်ကြွက်ကလေး အဲလ်ဘတ်၏ ကျောပြင်တွင် မျက်နှာမှောက်ကာ ချုံးပွဲချ ငိုလိုက်လေတော့သည်။

mgyoe.com

mgyoe.com



(၉)

သို့ကြောင့် အဲလ်ဘတ်မှာ တစ်ကောင်ကြွက်ကလေး ဖြစ်ရသည်။

အာဂါသာ သေဆုံးပြီးသည့်နောက်တွင် အဲလ်ဘတ်၏ ဘဝမှာ ချက်ချင်း ပြောင်းလွဲသွားတော့သည်။ အသက် ၁၄ နှစ်အရွယ်မျှသာ ရှိသေး၏။ အလယ်တန်းပညာများ ဆည်းပူးဆဲ ဖြစ်သော်လည်း မိခင်သေဆုံးခဲ့ခြင်းကြောင့် ကျောင်းမှ နှုတ်ထွက်လိုက်ရသည်။ သူ့မိခင်က သံမှိုနှက်သကဲ့သို့ စွဲမြဲစွာ ရိုက်သွင်းပေးထားသော ဗြိတိသျှ ရေတပ်မတော်သို့ ဝင်ရန်မှာလည်း အသက်မပြည့်သေး၊ နှစ်နှစ်တာမျှ ဆိုင်းငံ့ရဦးမည်။ နောက်ဆုံးတွင် သူ နေသော ကျောင်းမှ ကျောင်းဆရာကြီး၏ ကူညီမှုကြောင့် ကုမ္ပဏီတစ်ခုတွင် ရုံးစေအလုပ်ကလေးကို ဝင်ရောက် လုပ်ကိုင်ရရှာသည်။

သူ အလုပ်ဝင်သော ကုမ္ပဏီမှ စာရေးကြီး စာရေးငယ် စသည်တို့သည် ဖျတ်လတ်သွက်လက်ချက်ချာသော အဲလ်ဘတ်အား များစွာ ခင်တွယ်မိကြသည်။ ရုံးလုပ်ငန်းများမှအပ လက်ဖက်ရည်ဝယ်၊ ဆေးလိပ်ဝယ် စသည့် တောက်တိုမယ်ရ ကူဖော်လောင်ဖက် အလုပ်ကလေးများကို မညည်းမညူ ပြုတတ်ခြင်းကြောင့် အဲလ်ဘတ်မှာ ရုံးသူရုံးသားအားလုံးက မေတ္တာရှိကြသော ရုံးစေကလေး ဖြစ်တော့သည်။

သို့သော် သူသည် အသက် ၁၆ နှစ် ပြည့်သောနေ့တွင် ရုံးအုပ်စာရေးကြီးထံသို့ ချဉ်းကပ်၍ အလုပ်မှ နုတ်ထွက်လိုကြောင်း လျှောက်လွှာကို တင်သွင်းလိုက်တော့၏။ ရုံးအုပ်ကြီးသည် သူ၏ မျက်မှန်ကို နဖူးထက်သို့ မတင်လိုက်ပြီး အံ့ဩလှစွာဖြင့် အဲလ်ဘတ်အား စူးစိုက်ကြည့်လိုက်ပြီးမှ–

"ဟ... နေပါဦးဟ ငါ့တူရ၊ မင့် လျှောက်လွှာက ဘာသဘောလဲ၊ လခတိုး လိုချင်တဲ့ သဘောလား"

mgyoe.com

mgyoe.com



"မဟုတ်ပါဘူး ခင်ဗျာ၊ အလုပ် ထွက်ချင်လို့ပါ"

အဲလ်ဘတ်က တည်ငြိမ်စွာပင် ဖြေလိုက်သည်။

"သြော်... သြော်... တခြားမှာ အလုပ်ရလို့ ဆိုပါတော့ ဟုတ်လား"

"တခြားမှာလည်း အလုပ်မရှိပါဘူး ခင်ဗျာ"

ရုံးအုပ်ကြီး၏ မျက်လုံးများမှာ ပိုမို ပြူးကျယ်သွားသည်။ သူသည် လက်ကသုံး တောင်ဖေ့ပမာ ခိုင်းစေရာ၌ စိတ်ချရသော အဲလ်ဘတ်လို သူငယ်လေး တစ်ယောက် လက်လွတ်သွားမည်ကို ပူပန်မိသည်။

"ဆိုစမ်းပါဦးကွ၊ ဘာလဲ အမွေများရလို့ ပွသွားပြီလား"

"မဟုတ်ပါဘူး၊ ကျွန်တော် ဒီလကုန်ထွက်ရရင် တော်ပါပြီ"

ချာတိတ်ကလေးမှာ ခိုင်မာစွာ ဆုံးဖြတ်ထားပုံ ပေါက်နေသည်။

"ဒီမှာ ငါ့တူ၊ ဦးကြီးကို ကြည့်စမ်းပါ။ ဦးကြီးလည်း အစက ဒီရုံးမှာ ငါ့တူလို ရုံးစေကလေး ဘဝက အကူစာရေးကလေး၊ နောက်ပြီး စာရေး၊ ဒီကတစ်ဆင့် စာရေးကြီးဆိုသလို တက်လာတာပဲ။ လောကမှာ ဒီလို သည်းခံပြီး ဖွဲ့ရှည်ရှည်နဲ့ ကြိုးစားမှ ကြီးပွားတယ်။ ကဲ... ဆိုစမ်း၊ ငါ့တူမှာ ဘာရည်ရွယ်ချက်များရှိလို့ ထွက်ချင်ရတာလဲ"

"ကျွန်တော် ရေတပ်ထဲ ဝင်မလို့"

တုံးတိတိကြီး ထွက်လာသော အဲလ်ဘတ်၏ အသံမှာ ရုံးအုပ်ကြီးအား ပက်လက်လန်ကျ သွားစေမတတ် ဖြစ်သွားခဲ့၏။ အဲလ်ဘတ်သည် ရူးနေပြီဟုလည်း တထစ်ချ အောက်မေ့လိုက်တော့သည်။ ဤမျှငြိမ်းချမ်းသာယာလှသော ရုံးကြီး၏ အရိပ်အာဝါသမှထွက်ကာ မိုးမရှောင် နေမရှောင် မုန်တိုင်းမရှောင် လှိုင်းမရှောင် အသက်ဘေးနှင့်နီးလှသည့် ရေကြောင်းခရီးကို စိတ်ကူးသည့်သူမှာ ရူးလို့သာလျှင် ဖြစ်ရမည်ဟု ရုံးအုပ်ကြီးက ထင်သည်။ သူ့လို စာရေးကြီး ဘဝသာလျှင် ငြိမ်းငွေ့ဖွယ် ကောင်းသော်လည်း အသက်ဘေးနှင့် ဝေးသည်မို့ နှစ်ခြိုက်စရာဟု ထင်မိသည်။

mgyoe.com

mgyoe.com


မည်သို့မျှ ချော့မော့ပြောဆို၍ မရတော့သည့်အဆုံး၌ တစ်ရုံးလုံးက လက်လျှော့လိုက်ရတော့သည်။ ထိုလကုန်တွင် ကုမ္ပဏီမှ အဲလ်ဘတ်အား လခ တစ်လတွက် အပိုပေးကာ အလုပ်မှ နှုတ်ထွက်ခွင့် ပေးလိုက်တော့သည်။

"အေးကွာ၊ တို့တိုင်းပြည်မှာ နဲလ်ဆင်တို့လို သူရဲကောင်းတွေ၊ မင်းတို့လို စွန့်ရဲတွေ လူငယ်တွေ အများကြီး လိုပါတယ်" ဟုလည်း ကိုယ်မလုပ်ရဲသည့်အဆုံး လုပ်ရဲသူကို ချီးကျူးလိုက်ရတော့သည်။

ဗြိတိသျှရေတပ် တပ်သားစုဆောင်းရေး ဌာနကမူ အဲလ်ဘတ်အား ဆန့်တန်းသော လက်များဖြင့် ဆီးကြိုပွေ့လိုက်ကြသည်။

အမည်– အဲလ်ဘတ်–ဘရောင်း။

အသက်–၁၆ နှစ်။

ပညာအရည်အချင်း–အလယ်တန်းပညာ၊

အုပ်ထိန်းသူမိဘ–မရှိ (အားလုံးသေဆုံးပြီး)။

အမွေဆက်ခံမည့်သူ–မရှိ။

ဤမျှ အခြေအနေမဲ့ အတွယ်အတာမရှိသော လူငယ်များကို ဗြိတိသျှ ရေတပ်သည် ရဲဘော်အဖြစ် ရယူရန် အလိုလားဆုံး ဖြစ်သည်။ သို့သော် ရေတပ်အာဏာပိုင်များနှင့် အဲလ်ဘတ်ကိုယ်တိုင် မသိသော အချက်တစ်ခုမှာ ဤသူငယ်သည် ရေတပ်မတော်မှ ဗိုလ်မှူးကြီး ဆားမားရက်စ်၏ တစ်ဦးတည်းသော သားဖြစ်သည်ကို မည်သူမျှ ဆက်စပ် မတွေးနိုင်ကြချေ။

အဲလ်ဘတ်အဖို့ ကံကောင်းသည်မှာ သူသည် အခြားရဲဘော်ငယ်များကဲ့သို့ မိဘမဲ့ကျောင်း၊ တေလေကျောင်းများမှ ထွက်လာသည် မဟုတ်ဘဲ အရည်အချင်း ပြည့်ဝသော မိခင်၏ ဆုံးမပဲ့ပြင် သွန်သင်မှုများ နှင့် အလယ်တန်းအထိ ပညာသင်ခဲ့ဖူးခြင်းကြောင့် အခြား ရဲဘော်ငယ် များထက် အစစအရာရာ ထူးချွန်နေပေတော့သည်။

mgyoe.com